မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

December 4 , 2024 | Volume 85 , Number 3

၄.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၆၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၉၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၅.၀၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၀.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၁ ကျပ် |

## နိုဝင်ဘာလတွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် ၃ သိန်းကျော်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၆ သန်းရရှိခဲ့



ပြီးခဲ့သည့်နိုဝင်ဘာလတွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန်၃၃၄,၅၃၅ တန်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၁၅၆ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

ပြည်ပသို့ ကုမ္ပဏီပေါင်း ၆၀ ကျော်မှ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံပေါင်း ၈ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလတွင်ပြည်ပသို့ ဆန်၊ဆန်ကွဲတန်ချိန် ၄၂၀,၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး နိုဝင်ဘာလတွင် တင်ပို့မှုလျော့ကျခဲ့ကြောင်း စာရင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်၏ ရှစ်လတာအတွင်းပြည်ပသို့ ဆန်တန်ချိန် ၁,၆၉၇,၁၆၅ တန်တင်ပို့ထားပြီး ယင်းမှ အမေရိကန်ဒေါ်လာ ၈၀၄ သန်းရရှိထားကြောင်း သိရသည်။

၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပနိုင်ငံများသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် ၁၁၁,၈၆၂ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် ၇၁,၂၇၉ ဒသမ ၅ မက်ထရစ်တန်တင်ပို့မှု မှ ဒေါ်လာ ၃၆ သန်း၊ ဇွန်လတွင် ၁၆၂,၃၂၅ ဒသမ ၇၅ မက်ထရစ်တန်တင်ပို့မှုမှ ဒေါ်လာ ၈၄ သန်း၊ ဇူလိုင်လတွင် ၁၆၅,၄၄၄ ဒသမ ၃ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁ သန်း၊ ဩဂုတ်လတွင်၂၀၇,၃၆၉ ဒသမ ၉ မက်ထရစ်တန်တင်ပို့မှုမှ ဒေါ်လာ ၉၇ သန်း၊ စက်တင်ဘာလတွင် ၂၁၉,၅၆၅ ဒသမ ၁၃ မက်ထရစ်တန်တင်ပို့မှုမှ ဒေါ်လာ ၁၀၄ သန်း၊ အောက်တိုဘာလတွင် ၄၂၄,၇၈၄ မက်ထရစ် တန်တင်ပို့မှုမှ ၁၈၉ သန်း ၊ နိုဝင်ဘာလတွင် ၃၃၄,၅၃၅ မက်ထရစ်တန်တင်ပို့မှုမှ ၁၅၆ သန်းရရှိထားကြောင်း သိရသည်။

**Source : Popular News Journal**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကုလားပဲဈေးကောင်းနေ



ပြည်တွင်းအဝယ်ပုံမှန်ရှိနေပြီးလက်ကျန်လျော့နည်းတဲ့အတွက် ကုလားပဲဈေးကောင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

“ ဆောင်းသီးနှံရာသီဝင်ပြီလေ၊ ကုလားပဲ၊ ဂျုံတချို့နယ်များလဲစိုက်နေကျပြီ၊ဒီနှစ်ကုလားပဲဈေး ဂျုံဈေးတွေကောင်းတယ် တောင်သူစိုက်လိုအားကတက်နေတယ် အထူးသဖြင့် ကုလားပဲစိုက်လိုအားများတယ်။အခုကုလားပဲဈေးကောင်းရနေတယ်။ ကုလား၊ မတ်ပဲ၊ ပဲစင်းငုံက India နိုင်ငံနှင့် G to G 2025 ထိ တင်ပို့ရန်နားလည်မှုလက်မှတ်ထိုးထားတယ်လဲ ကြားတယ်”ဟု အောင်လံမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ မန္တလေးကုန်စည်ဒိုင်တွင် ဒီဇင်ဘာပထမပတ်က ကုလားပဲ (929 ) တစ်အိတ်ကို၂၈၃,၀၀၀ ကျပ် မှ၂၈၅,၀၀၀ ကျပ်၊ ကုလားပဲ (TW )တစ်အိတ်ကို ၂၇၅,၀၀၀မှ ၂၈၀,၀၀၀ ကျပ်နှင့် ကုလားပဲ (v2 )တစ်အိတ်ကို ၂၉၀,၀၀၀ ကျပ် ၊ကုလားပဲ (v7 )က ၂၉၅၀,၀၀ ကျပ်ထိ ရှိကြောင်း သိရသည်။

ပြည်တွင်းစားသုံးမှုရှိသည့် ကုလားပဲအပါအဝင် ပဲကြီး၊ စားတော်ပဲများမှာပုံမှန်ဈေးမြင့်တက်လျက်ရှိကြောင်း ကုန်သည်များထံက သိရသည်။

“ အရင်လတွေနဲ့ စာရင်တော့ဈေးကောင်းတယ်။အခုကအတက်ဈေးမှာပဲ ၅၀၀၀၊ ၁၀,၀၀၀ ကိုတက်လိုက်၊ ကျလိုက်နဲ့သွားနေတယ်။ ပြည်တွင်းစားသုံးတဲ့ ပဲတွေကတော့ အရင်တိုင်း ဈေးတန်းတစ်ခုနဲ့ ရောင်းနေမှာပဲ။ကုလားပဲကို အိန္ဒိယဝယ်ရင် ပိုပြီးဈေးကောင်းရမယ်။ ဒီနှစ်ဈေးကောင်းရတယ်ပြောရမယ်။ ပြည်တွင်းအဓိက စားသုံးတဲ့ပဲတွေကတော့အတက်ဈေးမှာပဲ မပြောင်းလဲဘူး။ ပြည်တွင်းဈေးကျလဲ အများကြီးမကျဘူး။ စားသုံးသူရှိနေတော့ ပြည်ပပို့တဲ့ ပဲတွေထက်ဈေးငြိမ်တယ်“ ဟု သဃ်န်းကျွန်းမြို့နယ်မှ ပဲအမျိုးမျိုးရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေကာဒေါ်လာငွေလဲနှုန်းအနည်းငယ်ပြန်မြင့်တက်နေသောကြောင့် တစ်ပတ်အတွင်းကုလားပဲအပါအဝင် ပြည်ပတင်ပို့နေသည့် ပဲမျိုးစုံဈေးများပါမြင့်တက်နေကြောင်း ဈေးကွက်က သိရသည်။

“ ကုလားပဲဈေးကတစ်ဆယ်သားကို ၁၄၀၀ ဝယ်ရတယ်။အရင်ကနဲ့ စာရင်တက်တာပေါ့၊ဈေးတွေကအကုန်တက်နေတယ်။ ပဲမျိုးစုံ ၊ ဆီ ၊ဆန် ၊ကြက်သွန် အကုန်တက်တယ်“ ဟု သဃ်န်းကျွန်းမြို့နယ်မှ အိမ်ရှင်မတစ်ဦးက ပြောသည်။

တောင်သူအများစုအနေဖြင့် ကုလားပဲမျိုးကို မျိုးချန်စနစ်ဖြင့် စိုက်ပျိုးကြပြီး နှစ်စဉ်ကုလားပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧကပေါင်း တစ်သိန်းကျော်ထိ စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲသီးနှံကို ဆောင်းအဝင် အောက်တိုဘာလနောက်ဆုံးပတ်မှ စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလပထမအပတ်အတွင်းမှသာ ခူးဆွတ်ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး ကုလားပဲ ၈ ရာခိုင်နှုန်းထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းမှာတော့ V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုးများကို စိုက်ပျိုးကြသည့်အနက် V2 ကုလားပဲမျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

**Source :** https://myanmaawba.com/

## အရည်အသွေးမြင့် Non-GMO ပြောင်းများ ဝယ်ယူလိုကြောင်း တရုတ်ကုမ္ပဏီ ကမ်းလှမ်း



မြန်မာနိုင်ငံကနေ စိုက်ပျိုးထွက်ရှိတဲ့ မျိုးရိုးဗီဇ ပြောင်းလဲထားခြင်းမရှိသော ပြောင်းအမျိုးအစား Non-GMO ပြောင်းကိုဝယ်ယူလိုကြောင်းတရုတ်ကုမ္ပဏီတစ်ခုကနေကမ်းလှမ်းလာတယ်လို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ရှမ်းပြည်နယ်ဦးစီးမှူးရုံးက သိရပါတယ်။

တရုတ်နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Eastwind International Trade Co., Ltdက ဝယ်ယူလိုတဲ့အရည်အသွေးမြင့် Non-GMO ပြောင်းအမျိုးအစားကို တင်ပို့လိုတဲ့ကုမ္ပဏီတွေရှိပါက မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နဲ့ လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်နိုင်တယ်လို့ အသိပေးထားပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပြုစုထားတဲ့ စာရင်းတွေအပြင် လက်ရှိ ပြောင်းအထွက်နှုန်းနဲ့ မျိုးစေ့ရောင်းချရမှုအခြေအနေပေါ် လေ့လာတွက်ချက်မှုတွေအရ မြန်မာတစ်နိုင်ငံလုံးမှာ စုစုပေါင်းပြောင်းစိုက်ဧက ၂ သန်းကျော် ရှိပါတယ်။

ပြောင်းထုတ်လုပ်မှုအနေနဲ့ မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့် ထွက်ရှိပြီး တန်ချိန် ၂ ဒသမ ၂ သန်းကို ပြည်ပကို တင်ပို့ကာ လက်ကျန် တန်ချိန် ၁ သန်းခန့်ကို ပြည်တွင်းမှာ သုံးစွဲပါတယ်။

ပြည်ပတင်ပို့မှုကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဝန်းကျင်လောက်ရရှိနေပြီး အများစုကို ထိုင်းနိုင်ငံကိုတင်ပို့ရောင်းချကာ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတွေရဲ့ ဝယ်လိုအားလည်း ရှိနေပါတယ်။

မြန်မာ့ပြောင်းဆန်ရဲ့ FOB ဈေးဟာ အမေရိကန်ဒေါ်လာ ၂၅၀-၂၆၀ ဝန်းကျင်ရှိပြီး မြန်မာပြည်တွင်းဈေး (ရန်ကုန်) ပြောင်းတစ်ပိဿာ ကျပ် ၁၆၀၀ ရှိပါတယ်။

**Source: BETV Business**

## မန္တလေးဈေးကွက်အတွင်း ဒီဇင်ဘာ ၂ ရက်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေးဈေးကွက်အတွင်း ဒီဇင်ဘာ ၂ ရက်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး)မှတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် သကြားကိုပြည်ပနိုင်ငံများဖြစ်သည့် တရုတ် ထိုင်း၊ ဗီယက်နမ်နိုင်ငံဘက်မှလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှကုန်သည်များ သကြားဝယ်ယူမှုပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်လိုအားများပြားလာခြင်းကြောင့် သကြားများအရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေ ထွက်ရှိတဲ့ အရည်အသွေး ကောင်းမွန်တဲ့ သကြားတွေကိုအခုလက်ရှိ ထိုင်းနဲ့ဗီယက်နမ်နိုင်ငံတို့ကဝယ်ယူမှုတွေရှိပါတယ်။ပြည်တွင်းမန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်" ဟု ၎င်းက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ သကြားတစ်ပိဿာလျှင်ငွေကျပ် ၅၁၀၀ ခန့်ပေါက်ဈေးရှိပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"သကြားက အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန် နည်းပါးသွားတာမျိုးတွေတော့မရှိပါဘူး။ နောက်ပိုင်း

ဒီထက်ပိုပြီးသကြားအဝယ်ထပ်ကောင်းလာရင်တော့သကြားလက်ကျန်ကမန္တလေးဈေးကွက်ထဲရှားသွားနိုင်ပါတယ်” ဟု သကြား နှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**Source: ရတနာပုံ သတင်းစာ**

## ဘိုကလေးမှတင်ပို့သည့် ကောက်ရိုးမှိုများ ဈေးကောင်းရနေ



ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ကောက်ရိုးမှိုများကိုရန်ကုန်ဈေးကွက်သို့တင်ပို့ရာတွင်ဈေးကောင်း ရရှိကြောင်း ဘိုကလေးမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ကိုင်သူများထံက သိရသည်။

ထို့ပြင် ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဒေသထွက်ကောက်ရိုးမှို ပိဿာချိန် ၇၅,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်းကကောက်ရိုးမှိုပိဿာချိန်၆၀, ၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၁၃,၅၀၀ မှ ၁၅,၅၀၀ ထိ ပေါက်ဈေးရှိပြီး လက်ရှိတွင် ရန်ကုန်ဈေးကွက်မှ ကောက်ရိုးမှိုမှာယူမှုများနေကာ ဘိုကလေးမြို့နယ်တွင် အခြားစိုက်ပျိုးရေးလုပ်ငန်းများနှင့် ယှဉ်တွဲပြီး မှိုစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင်မှိုစိုက်ပျိုးမှုများကိုလည်းကူး၊ မင်္ဂလာဒုံ၊မှော်ဘီ၊ တိုက်ကြီး နှင့် ကော့မှူးမြို့နယ်များတွင်စိုက်ပျိုးလေ့ရှိပြီးမှိုကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြုလုပ်ရန်ကြိုးပမ်းမှုများလည်းရှိခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## နွေစပါးကို ဧက သုံးသန်းခန့်အထိ စိုက်ပျိုးရန်မျှော်မှန်းထားပြီး ဆန်စပါးထုတ်လုပ်မှုအပိုင်းတွင် အရှိန်အဟုန်ဖြင့် သွားနေဟုဆို

နွေစပါးကို ဧက သုံးသန်းခန့်အထိစိုက်ပျိုးနိုင်ရန်မျှော်မှန်းထားပြီး ဆန်စပါးထုတ်လုပ်မှုအပိုင်းတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ပြောသည်။

ယခင်နှစ်နွေစပါးဧက နှစ်သန်းခန့်စိုက်ပျိုးပြီး ယခုနှစ်တွင်ပြီးခဲ့သည့် ရာဂီမုန်တိုင်းနှင့်ဆက်စပ်ပြီး စိုက်ပျိုးမြေဧရိယာ ထိခိုက်မှုအချို့ရှိခဲ့၍ လျော့နည်းမှုကို ပြန်လည်ဖြည့်တင်းစိုက်ပျိုးနေပြီး ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းရတော့မည်ဖြစ်ကြောင်းနှင့် နွေစပါးကိုလည်း တိုးမြှင့်စိုက်ပျိုးနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

“နွေစပါးကတော့ ဧက နှစ်သန်းလောက်စိုက်တယ်။ဒီနှစ်တော့ ပြီးခဲ့တဲ့ရာဂီမုန်တိုင်းနဲ့ဆက်စပ်ပြီးတော့ စိုက်ပျိုးမြေဧရိယာ ထိခိုက်မှုတွေရှိပါတယ်။ ကြီးကြီးမားမားတော့မဟုတ်ပါဘူး၊ နိုင်ငံရဲ့ဆန်စပါးဖူလုံမှုနဲ့ပိုလျှံမှုပြည်ပတင်ပို့မှုအပေါ်မှာ ထိခိုက်တဲ့ အတိုင်းအတာတော့မရှိပါဘူး၊ ဒါပေမဲ့ လျော့နည်းသွားတာတွေကိုပြန်လည်ဖြည့်တင်းဖို့အတွက် စစိုက်နေပါပြီ၊ တချို့တွေက ဇန်နဝါရီ၊ ဖေဖော်ဝါရီ ရိတ်မှာဆိုတော့ ရေကျနောက်စိုက်ကပေါ်လာမယ်။ နွေစပါးကိုလည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ညှိနှိုင်းထားပြီးတော့ နိုင်ငံတော်အကြီးအကဲက နွေစပါးကို ဧကသုံးသန်းအထိ စိုက်ပျိုးနိုင်တဲ့ အနေအထား ရှိအောင် စီစဉ်ဖို့ပါ။ အကြမ်းဖျင်းတော့ ဧက ၂ ဒသမ ၇ သန်း၊၂ ဒသမ ၈ သန်း ရေဖြန့်ဖြူးပေးနိုင်တဲ့အပေါ်မူတည်ပြီး နွေစပါးတိုး မြှင့်ပြီးတော့ စိုက်မှာဖြစ်တဲ့အတွက် ဆန်စပါးထုတ်လုပ်မှုအပိုင်းကတော့ အရှိန်အဟုန်နဲ့သွားနေပါတယ်”ဟု ၎င်းက ပြောသည်။

ဆန်စပါးကဏ္ဍ၌ နှစ်စဉ် နွေစပါး၊မိုးစပါး ဧက ၁၇ သန်းခွဲလောက်အထိ စိုက်ပျိုးထုတ်လုပ်ကာ ဆန်တန်ချိန် ၁၄ သန်းခန့်


ထုတ်လုပ်ပြီးမှ ၎င်းမှ ပြည်တွင်းစားသုံးမှုကိုဖယ်ပြီးပိုလျှံသည့်ဆန်တန်ချိန်သုံးသန်းခန့်ရှိကြောင်း၊အဆိုပါပိုလျှံမှုကိုလည်း ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချသည့်လုပ်ငန်းလုပ်ဆောင်နေကြောင်း သိရသည်။

" ဒီလုပ်ငန်းကလည်း ဆန်စက်တွေအများကြီးကနေဆောင်ရွက်နေတာဖြစ်တော့ ဆန်စက်တွေမှာလည်း အလုပ်အကိုင်အများကြီးဖန်တီးပေးထားပါတယ်။ အဲဒီလိုပဲ ဆန်ပြည်ပတင်ပို့တဲ့လုပ်ငန်းနဲ့ဆက်စပ်ပြီးတော့ အကောက်အခွန်ရှင်းလင်းတဲ့လုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ နိုင်ငံခြားငွေရရှိတဲ့လုပ်ငန်းတွေ၊ နိုင်ငံတကာနဲ့ဆက်သွယ်ညှိနှိုင်းတဲ့ ကုမ္ပဏီတွေရဲ့ရုံးအဖွဲ့အစည်း၊ ရုံးလုပ်ငန်းတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေးပါတယ်။ နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေရှာဖွေပေးသလို ပြည်သူအတွက်လည်း ပြည်တွင်းမှာစားသုံးတဲ့ ဆန်ကိုထုတ်လုပ်ပေးနေတဲ့ အနေအထားဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် ယခုနှစ်အနေဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် စပါးဈေးကောင်းရသည့်အတွက် တောင်သူများ စိတ်ဝင်တစားစိုက်ပျိုးကြပြီး ငါးကန်အချို့တွင် ငါးမမွေးဘဲ စပါးစိုက်ပျိုးကြသည်ကို တွေ့ရကြောင်းနှင့်ထိုက်သင့်သည့် စပါးဈေးနှုန်းရရှိမှုကဆွဲဆောင်မှုတစ်ခုဖြစ်ကြောင်း ၎င်းကပြောသည်။

**Source : ကြေးမုံသတင်းစာ**

## ပြည်ပဈေးကွက်မရှိလို့ ထောပတ်သီးဈေးကွက်ကျ




မြန်မာ့ထောပတ်သီးအား ပြည်ပဈေးကွက်တင်ပို့မှုတွင် ထိုင်းနိုင်ငံတစ်ခုတည်းရှိတာကြောင့် ပြည်တွင်းမှာ ထောပတ်သီးဈေးကွက်က ယခင်နှစ်ထက်ကျနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့နှစ်ထောပတ်သီးရာသီချိန်တုန်းက ပြည်တွင်းမှာ HASS အမျိုးအစား ထောပတ်သီးတစ်ကီလိုကို ၂၅၀၀ ကျပ်နဲ့ ဈေးစဖွင့်ခဲ့ပြီး ဒီဇင်ဘာလမှာတစ်ကီလိုကို ၆၀၀၀ ကျပ်မှ ၇၀၀၀ ကျပ် အကြားဈေးတန်းရှိခဲ့ပေမဲ့ လက်ရှိထောပတ်သီးရာသီမှာတော့ တစ်ကီလိုကို ၁၅၀၀ မှ ၄၀၀၀ ကျပ်ဈေးပေါက်နေတယ်လို့ သိရပါတယ်။

"ထောပတ်သီးက အခုနှစ် ထိုင်းကိုပဲ နယ်စပ်ကနေပို့တာရှိတယ်။ ကျန်တဲ့နိုင်ငံတွေ မပို့နိုင်ဘူး။ ထိုင်းကိုလည်း တန်ချိန်အများကြီးမပို့နိုင်ဘူးဆိုတော့ ထိုင်းနဲ့ပြည်တွင်းပဲရှိတယ်။ ဒီနှစ်ပြည်တွင်းမှာက ရာသီအစမှာ ၁၅၀၀ စဖွင့်တယ်။ အခုထိ ၄၀၀၀ လောက်ပဲရှိတယ်။ မနှစ်ကရာသီအစမှာ ၂၅၀၀ နဲ့ဖွင့်ပြီး ခုချိန်ဆိုရင် ၆၀၀၀ အထက်လောက် ဖြစ်နေတာဆိုတော့ ဒီနှစ်ဈေးတန်းကျတာပေါ့"လို့ မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးတင်ပို့ထုတ်လုပ်ရောင်းချသူများအသင်းဝင်တစ်ဦးက ပြောပါတယ်။

ပြည်တွင်းထောပတ်သီးစိုက်ပျိုးတဲ့ကဏ္ဍမှာ ပြည်ပကိုတင်ပို့ဖို့အတွက် အရည်အသွေးကောင်းတဲ့ ထောပတ်သီးထွက်ရှိမှုနည်းတာကြောင့်လည်း ဈေးကွက်ကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

" အခုနှစ်ဆို ပိုဆိုးတယ်။မိုးကဖျက်တော့ ထောပတ်သီးတွေ အရည်အသွေးပိုပျက်တယ်။ အရည်အသွေးမကောင်းတော့ ပြည်ပလည်းပို့မရသလို ပြည်တွင်းမှာလည်း ဈေးကောင်းမရဘူး။အဝေးပို့လည်းမခံတော့ ဈေးကကျတာပေါ့"လို့ ၎င်းကပြောပါတယ်။ပြည်တွင်းဈေးကွက်မှာတော့ ထောပတ်သီးကို ဖျော်ရည်လုပ်ငန်းတွေကသာ အဓိကသုံးစွဲမှု ရှိပြီး အခြားထုတ်ကုန်အဖြစ်စားသုံးမှုကနည်းတယ်လို့ သိရပါတယ်။

သို့သော် ထောပတ်သီးကို ပြည်တွင်းစားသုံးမှုနဲ့ အရင်နှစ်တွေရဲ့ သုံးစွဲမှုနှုန်းထက် ၂ ဆ မြင့်တက်လာလို့ ပြည်တွင်းက ထောပတ်သီး တန်ချိန် ၃၀၀ နီးပါးအထိ ဖြန့်အားရှိလာတယ်လို့ သိရပါတယ်။

အရင်ကထောပတ်သီးကို ထိုင်းနိုင်ငံ၊အိန္ဒိယ၊မလေးရှား၊စင်ကာပူနိုင်ငံတို့ကို အဓိကတင်ပို့မှုရှိပြီး လက်ရှိမှာတော့ ထိုင်းနိုင်ငံတစ်ခုတည်းသာ တင်ပို့နိုင်တာဖြစ်ပါတယ်။

ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)ဆိုရင်တောင်ကြီး၊ ရွာငံ၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ပင်လောင်း၊ဖယ်ခုံ၊လွိုင်လင်နဲ့ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဆိုရင် လားရှိုး ၊ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊နောင်ချိုနှင့် မန္တလေးတိုင်းဒေသကြီး ( ပြင်ဦးလွင်) တို့မှာ အများဆုံးစိုက်ပျိုးကြတာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://htwettoe.com/

## မော်တော်ယာဉ်ထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး GDP မှာ စက်တင်ဘာလတွင် ၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့

တိုင်ဖုန်းမုန်တိုင်းကြောင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် မော်တော်ယာဉ်ထုတ်လုပ်မှုကျဆင်းခဲ့ရာမှ စက်တင်ဘာလတွင် မော်တော်ယာဉ်ထုတ်လုပ်မှုပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး GDP မှာ ဩဂုတ်လနှင့်နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် ၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း Japan Center for Economic Research မှ ထုတ်ပြန်ထားကြောင်း ၁၂ ရက်နေ့ထုတ် ၂၀၂၄-၁၁-The Nikkei Asia သတင်းစာတွင် “Japan's September GDP gains 0.2% on auto factory recovery: JCER” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ ၃ လတာ ကာလအတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၀ ဒသမ ၉ ရာခိုင်နှုန်း ရှိနိုင်ကြောင်းပညာရှင်များကခန့်မှန်းထားကြောင်း၊ ပုဂ္ဂလိကသုံးစွဲနိုင်စွမ်းမှာ ဩဂုတ်လတွင် ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ စက်တင်ဘာလတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ရောင်းချမှု ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ပုဂ္ဂလိကဝယ်ယူသုံးစွဲနိုင်စွမ်းမှာ အများဆုံးဖြစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဩဂုတ်လနှောင်းပိုင်း၌ တိုင်ဖုန်းမုန်တိုင်း ရှန်ရှန်ကြောင့် Toyota Motor အပါအဝင် မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုများ ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ဂျပန်နိုင်ငံ၏ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် ၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ ၁၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ အီးယူသို့တင်ပို့မှုမှာ ၁၁ ဒသမ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မော်တော်ယာဉ်နှင့် ဆက်စပ်သည့်ကုန်စည်များ တင်ပို့မှုမှာ ၃ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တိုးတက်ခဲ့ကြောင်းနှင့် ကုန်စည်နှင့်ဝန်ဆောင်မှု တင်သွင်းမှုမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၀ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ပုဂ္ဂလိကကဏ္ဍတွင်အိမ်ရာအ ဆောက်အဦ ရင်းနှီးမြှုပ်နှံမှုမှာ ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် အစိုးရ၏ ပုံသေ ရင်းနှီးမြှုပ်နှံမှုမှ ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Japan Center for Economic Research မှ ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

**Source: (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

https://myantrade.gov.mm/article/Naypyitawstp_031220240111

## ယူအေအီး ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု

ယူအေအီးနိုင်ငံတွင်နိုင်ငံသားအမျိုးမျိုး ၂၀၀ ကျော်နေထိုင်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံသား ၇၀၀,၀၀၀ နီးပါးခန့်ရှိပါကြောင်း၊ သမ္မတမားကို့စ် ယူအေအီးနိုင်ငံသို့ ယခုရက်သတ္တပတ်အတွင်း လာရောက်လည်ပတ်ခဲ့ခြင်းသည် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက် မှုအပေါ် ပိုမိုခိုင်မာအားကောင်းစေလာနိုင်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံဆွေးနွေးရာတွင်လည်း နယ်ပယ်ကဏ္ဍစုံ အသီးသီးတွင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့်အညီပူးပေါင်းဆောင်ရွက်သွားရန်တို့ပါဝင်ခဲ့ပါသည်။

ယူအေအီးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံများကြားစီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာဗဟိုချက်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည်လည်း ယူအေအီးနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဘီလီယံထိ ရှိခဲ့ပြီး ဆက်လက်တိုးမြင့်လာနိုင်သည့် အနေအထားတစ်ခုတွင်ရှိပါသည်။

ဖိလစ်ပိုင်နိုင်ငံနှင့်ယူအေအီးနိုင်ငံကြား နယ်ပယ်အများအပြားတွင်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာပေါင်း ၆ ခုအား လက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်ပါကြောင်း၊ Comprehensive Economic Partnership Agreement CEPA အရ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တို့ကိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်လျက်ရှိပြီး ပြီးမြောက်အောင်မြင်မှုအရ ကုန်စည်နှင့်ဝန်ဆောင်မှုများဆိုင်ရာ ကုန်သွယ်မှုကို တိုးမြှင့်နိုင်သည့် Comprehensive Free Trade Agreement ကိုလည်း ယခုထက်တိုး၍ နက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက် ကောင်းကျိုးများစွာရရှိနိုင်သည့် နှစ်ဖက်အပြန်အလှန်စီးပွားရေးစီးဆင်းမှုအရှိန်မြင့်တက်လာစေရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ချိတ်ဆက်နိုင်စေရန်၊ စီးပွားရေးအခွင့်အလမ်းအသစ်များပေါ်ထွက်လာစေရန်အတွက်လည်း အကောက်ခွန်နှုန်းထားများကိုလျှော့ချပေးခြင်းသည် အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

ယူအေအီးနိုင်ငံ၏ စီးပွားရေးရပ်ဝန်းသည် အာရပ်နိုင်ငံများကြားတွင် ပထမထိပ်တန်းနေရာတွင် ရပ်တည်နေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ခေတ်မီဘဏ္ဍာရေး စနစ်များအသုံးပြုခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆုံချက်တစ်ခုဖြစ်နေပါကြောင်း၊ရေနံထွက်ပစ္စည်းများရောင်းချခြင်း၏နောက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးဆိုင်ရာမဟာဗျူဟာများကိုလည်း ရေးဆွဲထားပါကြောင်း၊ တီထွင်ဆန်းသစ်မှုများ၊ ခေတ်မီနည်းပညာများ အသုံးပြု၍ နိုင်ငံတကာအသိအမှတ်ပြု ငွေရေးကြေးရေးစင်တာများတည်ဆောက်ထားနိုင်ခြင်းနှင့် business friendly ဖြစ်စေရန် အဖက်ဖက်မှဝန်ဆောင်မှုပေးနိုင်ခြင်းတို့ကြောင့် ယူအေအီးနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အရေးပါသည့် နေရာတစ်ခုအဖြစ် ရပ်တည်နေကြောင်း ဖော်ပြပါရှိသည်။

**Source : (ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article/npt-31220240120

## ၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုသည် ၆ ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့

ယခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းနိုင်ငံ နယ်စပ်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုသည် ၆ ဒသမ၁၈ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပြီးတန်ဖိုးအားဖြင့် ဘတ် ၁ ဒသမ ၅၁ ထရီလီယံရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားချက်အရ သိရသည်။

ပို့ကုန်တန်ဖိုးမှာ ဘတ် ၈၇၂ ဘီလီယံရှိခဲ့ပြီး ၅ ဒသမ ၆၄ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပါကြောင်း၊ သွင်းကုန်သည် ဘတ် ၆၄၃ ဘီလီယံရှိခဲ့သဖြင့် ၆ ဒသမ ၉၂ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါကြောင်း၊ နိုင်ငံ၏နယ်စပ်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတန်ဖိုးကို ၂၀၂၇ ခုနှစ်တွင် ဘတ် ၂ ထရီလီယံသို့ ရောက်ရှိနိုင်ရေးရည်မှန်းချက်ထားကြိုးပမ်းလျက်ရှိသည်ဟု စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်ရေးဂိတ်ပေါက်များကိုမြှင့်တင်နိုင်ရေးနှင့်ချင်းရိုင်ရှိ Chiang Saen Port ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ။ ဆိပ်ကမ်းသည် မဲခေါင်အထက်ပိုင်းဒေသများရှိ ထိုင်းနှင့်လာအို၊ မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးအလားအလာရှိသော ဆိပ်ကမ်းဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လေ့လာဆန်းစစ်ချက်ကို ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် ပထမ ၁၀ လအတွင်း Chiang Saen ဆိပ်ကမ်းမှ နယ်စပ်နှင့်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုသည် ဘတ် ၅ ဒသမ ၉၆ ဘီလီယံ ရှိခဲ့သဖြင့် ၂၁ ဒသမ ၅ ရာခိုင်နှုန်း တိုး တက်မှုရှိခဲ့ကြောင်း သိရသည်။

ဆိပ်ကမ်းမှ ပို့ကုန်တန်ဖိုး ဘတ် ၅ ဒသမ ၆၅ ဘီလီယံထိ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တန်ဖိုး ဘတ် ၃၁၂ သန်းထိ တင်သွင်းခဲ့ကြောင်း၊ တရုတ်က ယူနန်ပြည်နယ်တွင် Guanlei စစ်ဆေးရေးဂိတ်ဖွင့်လှစ်ပြီးနောက်အဆိုပါလမ်းကြောင်းသည် သစ်သီးတင်ပို့မှုအတွက် အရေးကြီးလာပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ကုန်သွယ်ရေးကိုမြှင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဒေသ ၄ ခုရှိ အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်ပြည်နယ်များ၌ ကုန်စည်ပြပွဲ ၆ ခုကို ကျင်းပနိုင်ရေးစီစဉ်ထားပါကြောင်း၊ထိုင်းနိုင်ငံ၏ လက်ရှိဖွင့်လှစ်ထားသည့် စစ်ဆေးရေးဂိတ်များနှင့် တိုက်ရိုက်ကျသောနေရာများတွင် စစ်ဆေးရေးဂိတ်အသစ်များ ဖွင့်လှစ်နိုင်မှုရှိ / မရှိ ဖြစ်နိုင်ခြေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးသွားလိုကြောင်း၊ ထိုင်းနိုင်ငံ၏ စစ်ဆေးရေးဂိတ် ၉၄ ခုအနက် ၈၆ ခုမှာ ဖွင့်လှစ်ပြီးဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများသည် ၇၃ ခုသာ ဖွင့်လှစ်ထားသေးကြောင်း ဝန်ကြီး Mr. Pichai က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com ။**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp-31220240400

## STOCK EXCHANGE (4.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,015 (Shares) | 40,737,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 356 | 3,023,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 6,594 | 21,105,900 | 38,929,150 | 126,520 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 53 | 439,900 | 10,400,986 | 86,328 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 1,503 | 2,930,850 | 29,664,613 | 57,846 |
| TMH | 00005 | 3,150 | +0 | +0.00% | 2,950 | 3,150 | 2,950 | 295 | 927,250 | 12,823,224 | 40,393 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 444 | 770,400 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,500 | 4,700 | 4,500 | 2,052 | 9,234,200 | 10,497,598 | 49,339 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 718 | 2,305,250 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.85 | +2.24 | +0.56% | 395.07 | 399.85 | 395.07 | 12,015 | 40,737,250 | 8 | 754,184 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 5th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 804 (Shares) | 1,522,800 (MMK) |

| MYANPIX | 398.29 ▼ 1.56 |
|---|---|
| Total Volume (shares) | 804 |
| Total Value (MMK) | 2 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,238 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,150 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |